▶ ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက်၊ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲ အချိန်ထိ ထုတ်ပြန်ခြင်းမပြုသေးရန်

SHELL နှင့် NIHC တို့က လမ်းစမ်းသပ်ခင်းကျင်းခြင်းစီမံကိန်းကို ဆောင်ရွက်ပြီးစီး

ယနေ့ ၂၀၁၆ ခုနှစ် မေလ ၂၇ ရက်တွင် Shell နှင့် National Infrastructure Holdings Co., Ltd (NIHC) တို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ ပျဉ်းမနားမြို့ရှောင်လမ်းတစ်လျှောက် လမ်းစမ်းသပ်ခင်းမှု စီမံကိန်းဖွင့်လှစ်ခြင်း အခမ်းအနားကိုကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

"အခုနေပြည်တော်မှာ အသစ်ဆောင်ရွက်ပြီးစီးသွားတဲ့ လမ်းတိုးချဲ့မှုဟာ အရည်အသွေးမြင့် ကတ္တရာစေး ထုတ်ကုန်ပစ္စည်းတွေကို အသုံးပြုခြင်းနှင့်သင့်လျော်ကိုက်ညီမှုရှိတဲ့ လမ်းခင်းကျင်းမှုဒီဇိုင်းတွေက မြန်မာပြည်သူ လူထုအနေနဲ့ စိတ်ချယုံကြည်စွာ အသုံးပြုနိုင်မယ့် တာရှည်ခံတဲ့လမ်းမျက်နှာပြင်ဖြစ်ပေါ်လာပုံကို ပုံဖော်ပြသ သွားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ရဲ့လုပ်ငန်း တိုးတက်ကြီးထွားလာနိုင်စေမယ့် အခွင့်အလမ်းတွေ နဲ့ပတ်သက်ပြီး NIHC နဲ့ ဆွေးနွေးတိုင်ပင်ရတာကို ကျွန်တော်တို့အနေနဲ့ ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ကုမ္ပဏီဟာ ကမ္ဘာတစ်ဝန်းမှာ ကတ္တရာစေးထုတ်ကုန်ကို ဈေးကွက်ဦးဆောင်ထုတ်လုပ် ပံ့ပိုးသူတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ကျွမ်းကျင်မှုတွေကို ဒီကိုယူဆောင်လာပြီး မြန်မာနိုင်ငံရဲ့ အခြေခံအဆောက်အအုံ ကြီးထွားတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်တွေအပေါ် ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှု တစ်ရပ် ဖြစ်ပေါ်လာဖို့စေလည်း မျှော်လင့်ပါတယ်" ဟု Shell Bitumen ၏ ဒု-ဥက္ကဋ္ဌ ဖြစ်သူ Nick Chong က ပြောကြားခဲ့ပါသည်။

လမ်းစမ်းသပ်ခင်းကျင်းမှုတွင် အပူဒဏ်ခံနိုင်စွမ်းအားကောင်းမွန်ပြီး လမ်းပုံစံပျက်ယွင်းမှုမရှိစေရန် ခံနိုင်ရည်စွမ်းအား ကောင်းမွန်သော Shell၏ လမ်းခင်းကျင်းမှုစံနှုန်းအဆင့် ၆၀/၇၀ အမျိုးအစား ကတ္တရာစေးကို အသုံးပြုထားကာ မြန်မာနိုင်ငံ၏ အပူပိုင်းရာသီဥတုနှင့်လည်း သင့်လျော်ကိုက်ညီမှုရှိပါသည်။ ပိုမိုတာရှည်ခံတည်တံ့သည့် လမ်းဖြစ်လာ စေရန်အတွက် Shell အနေဖြင့် လမ်းခင်းကျင်းမှုဒီဇိုင်းကိုလည်း အကြံပြုခဲ့ပါသည်။

"Shell နဲ့ NIHC တို့ဟာ မြန်မာနိုင်ငံမှာ သူတို့ရဲ့လမ်းဖောက်လုပ်မှုဆိုင်ရာကျွမ်းကျင်မှုနည်းပညာတွေကို ပံ့ပိုးပေး နိုင်မယ့်အခွင့်အလမ်းတွေကို ရှာဖွေနေတဲ့အပေါ်မှာ ကျွန်တော်တို့အနေနဲ့ ဝမ်းမြောက်ကျေနပ်မှုရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ စီးပွားရေးတိုးတက်ကြီးထွားလာမှုကို အထောက်အကူဖြစ်စေမယ့် အရည်အသွေးမြင့်မားပြီး မြန်မာနိုင်ငံရာသီဥတုနှင့် ကိုက်ညီ၍ ရေရှည်ခိုင်ခံသော လမ်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတွေကို ပိုမိုတည်ဆောက်သွားနိုင်ဖို့ ဒီအကောင်အထည်

ဖော်မူပုံစံအသစ်က အထောက်အကူပြုပေးနိုင်မှာပါ” ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားခဲ့ပါသည်။

Shell ၏ ကတ္တရာစေးထုတ်ကုန်များကို ကမ္ဘာတစ်ဝန်းတွင် အဝေးပြေးလမ်းမကြီးများ၊ လမ်းများခင်းကျင်းရာတွင်လည်းကောင်း၊ အခြားအခြေခံအဆောက်အအုံစီမံကိန်းများတွင်လည်းကောင်း အသုံးပြုလျက် ရှိပါသည်။ အာရှတွင် Shell ၏ ကတ္တရာစေးထုတ်ကုန်များကိုအသုံးပြုသည့် စီမံကိန်းအချို့တွင် ၂၀၁၈ ခုနှစ် ဘောကျင်းအိုလံပစ်အားကစားပြိုင်ပွဲများတွင် အသုံးပြုခဲ့သည့် အားကစားကွင်းများ၏ ပတ်လည်လမ်းများ၊ စင်ကာပူရှိ Marina Bay Street Circuit အပါအဝင် Formula One ပြိုင်ကားလမ်းကြောင်းများ၊ စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်ရှိ လေယာဉ်ပြေးလမ်းများ၊ ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထိုင်းနိုင်ငံရှိ သုဝဏ္ဏဘူမိလေဆိပ် နှင့် Airbus A380 ကဲ့သို့သော ကြီးမားသည့်လေယာဉ်များကို လက်ခံသည့် လေဆိပ်များ ပါဝင်ပါသည်။

“ကျွန်တော်တို့ NIHC အနေနဲ့ Shell ရဲ့ အရည်သွေးမြင့်ထုတ်ကုန်တွေကို ပံ့ပိုးပေးနိုင်ဖို့အတွက် Shell အပါအဝင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေ၊ ကန်ထရိုက်တာတွေနဲ့ လက်တွဲဆောင်ရွက်နိုင်ဖို့ မျှော်လင့်ပါတယ်” ဟု NIHC ၏ မန်းနေးဂျင်းဒါရိုက်တာဖြစ်သူ ဦးမောင်ကျော် ကဆိုပါသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ Shell Bitumen ၏ ဒု-ဥက္ကဋ္ဌ Nick Chong၊ Shell Myanmar ၏ Country Chair ဖြစ်သူ Yasuko Yoshida၊ NIHC ၏ မန်းနေးဂျင်းဒါရိုက်တာ ဦးမောင်ကျော်၊ မြန်မာနိုင်ငံအစိုးအရအဖွဲ့မှအရာရှိကြီးများ၊ အခြားကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍရှိ အရေးပါသည့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များစွာတို့ တက်ရောက်ခဲ့ကြပါသည်။

ENDS

အယ်ဒီတာများအတွက် မှတ်စုများ

- Shell သည် ကမ္ဘာ့အကြီးဆုံး ကတ္တရာစေးထုတ်လုပ်ဈေးကွက်တင်ရောင်းချသည့် ကုမ္ပဏီဖြစ်ပြီး လေးမိနစ်တိုင်းတွင် တစ်ကီလိုမီတာအရှည်ရှိသည့် တစ်လမ်းသွားလမ်းတစ်လမ်း ခင်းရန် လုံလောက်သည့် ကတ္တရာစေးများကို ထုတ်လုပ်ပံ့ပိုးပေးလျက်ရှိပါသည်။

- Shell သည် Shell Cariphalte အမှတ်တံဆိပ်အမည်ဖြင့် ဈေးကွက်တင်ထားသော စံနှုန်းအမျိုးအစားဖြင့် သတ်မှတ်ထားသည့်ကတ္တရာစေးကနေ စွမ်းဆောင်ရည်အဆင့်အလိုက် သတ်မှတ်ထားသည့် polymer ဖြင့် မွမ်းမံထားသော ကတ္တရာစေး အထိ အရည်အသွေးမြင့် ကတ္တရာစေးထုတ်ကုန်ပေါင်းများစွာကို ထုတ်လုပ်ပံ့ပိုးလျက်ရှိပါသည်။ Shell Cariphalte ထုတ်ကုန်များကို အဝေးပြေးလမ်းများ၊ မြို့ပြလမ်းများနှင့် မြို့ပြရေနုတ်မြောင်းစနစ်အတွက် သေးငယ်သောအပေါက်များ ပါဝင်သည့် ကတ္တရာစေးဖြင့် ဖောက်လုပ်ထားသည့်လမ်းများ စသည့် အထင်ကရစီမံကိန်းများစွာတွင် အသုံးပြုလျက်ရှိပါသည်။ အဆိုပါထုတ်ကုန်များကို လေယာဉ်ကွင်းများ၊ ပြိုင်ကားလမ်းကြောင်းများနှင့် ဘတ်စ်ကားလမ်းကြောင်းများ

စသည့် ယာဉ်သွားလာမှု အင်မတန် များပြားသည့်နေရာများ၌ အကောင်အထည်ဖော်ဆောက်လုပ်ရာတွင် အသုံးပြုရန်အသင့်တော်ဆုံး ဖြစ်ပါသည်။ အထူးသဖြင့် မီးရထားလမ်း၊ ဆိပ်ကမ်းများ၊ တံတားခင်းလမ်းများ၊ လမ်းအက်ကွဲမှုပြုပြင်ရေးစနစ်များ (သို့မဟုတ်) ကွန်ကရစ်လမ်းများထပ်ဆင့်ခင်းခြင်းနှင့် တံတားများ၊ မီးရထားလမ်းများ၊ ပိုက်လိုင်းစနစ်များ စသည်တို့တွင် တုန်ခါမှုဒဏ်၊ ဆောက်လုပ်မှုတစ်ခုခုကြောင့် မြေအနေအထားရွှေ့လျားမှုနှင့် ငလျင်ဒဏ် စသည်တို့ကို ခံနိုင်ရည်ရှိရန် တပ်ဆင်အသုံးပြုသော ဆွဲဆန့်အားခံနိုင်ရည်ရှိသောအဆက်အပိုင်းများ စသည့် စက်ယန္တရားကြီးများ အသုံးပြုလုပ်ကိုင်ရသည့် လုပ်ငန်းများတွင် အဓိကအသုံးဝင်မှုရှိပါသည်။

- Shell Bitumen ၏ Sepang (မလေးရှား)၊ Sakhir (ဘာရိန်း)၊ Marina Bay Street Circuit (စင်ကာပူ)၊ Hockenheim (ဂျာမနီ) နှင့် Yas Marina (အဘူဒါဘီ) အစရှိသော Fomular One ပြိုင်ကားလမ်းကြောင်းများစွာတွင် အသုံးပြုထားပါသည်။

- Shell သည် ကတ္တရာစေးနည်းပညာတွင် ဈေးကွက်ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်ပြီး ကတ္တရာစေးနည်းပညာနှင့်အသုံးချမှုဆိုင်ရာ နောက်ဆုံးပေါ်အကြောင်းအရာများပါဝင်သည့် "Shell Bitumen Handbook, Sixth Edition" ကို မကြာသေးခင်က ထုတ်ဝေထားပါသည်။

- Shell Bitumen လုပ်ငန်းသည် ဘေဂျင်း၊ တရုတ်နိုင်ငံ၊ Strasbourg၊ ပြင်သစ်နိုင်ငံ၊ ဘန်ကောက်၊ ထိုင်းနိုင်ငံ စသော အချက်အချာကျသည့်ဒေသများတွင် ဒေသတွင်းဆိုင်ရာ ဝန်ဆောင်မှုစင်တာများ ကွန်ယက်တစ်ခုအဖြစ် လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် Shell သည် အိန္ဒိယနိုင်ငံ ဘန်ဂလောမြို့တွင် ကုမ္ပဏီ၏ ကမ္ဘာလုံးဆိုင်ရာ ကတ္တရာစေးသုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာတစ်ခုကို တည်ထောင်ထားပါသည်။

စုံစမ်းမေးမြန်းရန် -

Cindy Lopez, Media Manager APAC: +6012 282 1765
(cindy.lopez@shell.com)

Mich Villar, Media Spokesperson APAC + 632 4994740
(mich.villar@shell.com)

Sonia Meyer, Media Spokesperson APAC +65 8809104
(sonia.meyer@shell.com)

မနှင်းနုလွင်
TODAY Ogilvy Public Relations
အီးမေးလ်။ ။ hninnu.lwin@todayogilvy.com
ဖုန်း ။ ။ ၀၉-၄၅၂ ၂၃၃ ၃၀၅

Royal Dutch Shell plc

Royal Dutch Shell plc ကို အင်္ဂလန်နိုင်ငံနှင့် ဝေလနိုင်ငံတို့မှာ ပေါင်းစည်းတည်ထောင်ခဲ့ကာ ရုံးချုပ်မှာ နယ်သာလန်နိုင်ငံ၊ Hague မြို့တွင်တည်ရှိပြီး လန်ဒန်စတော့အိတ်ချိန်း၊ အမ်စတာဒမ်စတော့အိတ်ချိန်းနှင့် နယူးယောက်စတော့အိတ်ချိန်းတို့တွင် စာရင်းသွင်းမှတ်ပုံတင်ထားပါသည်။ Shell ၏ ကုမ္ဏီများသည် နိုင်ငံများနှင့် နယ်မြေဒေသ ၇၀ ကျော်တွင် လုပ်ကိုင်လည်ပတ်လျက်ရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေး၊ သဘာဝဓာတ်ငွေ့အရည်များကို ထုတ်လုပ်ခြင်းနှင့် ဈေးကွက်တင်ခြင်း၊ သဘာဝ ဓာတ်ငွေ့၊ သို့မဟုတ် ဟိုက်ဒရိုကာဗွန်တို့ကို ဓာတ်ဆီနှင့် ဒီဇယ် စသည့်လောင်စာများအဖြစ် သန့်စင် ထုတ်လုပ်ခြင်း (gas to liquids) ၊ ရေနံထုတ်ကုန်များ၊ ဓာတုပစ္စည်းများကို ထုတ်လုပ်ဈေးကွက်တင်ပြီး ရေကြောင်းဖြင့်တင်ပို့ခြင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်း လုပ်ငန်းများကိုလုပ်ကိုင် လျက်ရှိပါသည်။ သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက www.shell.com ၌ ဝင်ရောက်လေ့လာ နိုင်ပါသည်။

သတိပြုရန်အချက်

Royal Dutch Shell plc က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများပိုင်ဆိုင်သည့် ကုမ္ဏီများသည် သီခြားရပ်တည်နေသည့် ကုမ္ဏီများဖြစ်ပါသည်။ ယခုထုတ်ပြန်ချက်တွင် "Shell", Shell group" နှင့် "Royal Dutch Shell" စသည့်စကားလုံးများကို အဆင်ပြေသလို ရံဖန်ရံခါအသုံးပြုထားပြီး Royal Dutch Shell plc နှင့် ယေဘုယျအားဖြင့် ယင်း၏ လက်အောက်ခံကုမ္ဏီများကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ အလားတူပင် "ကျွန်တော်တို့" ၊ "ကျွန်တော်တို့ကို"၊ "ကျွန်တော်တို့ရဲ့" စသည့် စကားလုံးများကိုလည်း ယေဘုယျအားဖြင့် ကုမ္ဏီခွဲများ၊ သို့မဟုတ် အဆိုပါကုမ္ဏီများတွင် အလုပ်လုပ်နေသူတို့ကို ရည်ညွှန်းပါသည်။ ကုမ္ဏီ၊ သို့မဟုတ် ကုမ္ဏီများကို မည်သည့် ကုမ္ဏီဖြစ်ကြောင်း သီးခြားသတ်မှတ်ဖော်ပြသော်လည်း အကြောင်းမထူးသည့်နေရာများတွင် အသုံးပြုသည့်အခါ၌လည်း အဆိုပါဖော်ပြချက်များကို အသုံးပြုပါသည်။ ဤထုတ်ပြန်ချက်တွင်ပါဝင်သည့် "ကုမ္ဏီခွဲများ" ၊ "Shell ကုမ္ဏီခွဲများ"နှင့် "Shell ကုမ္ဏီများ" စသည့် အသုံးအနှုန်းများသည် Royal Dutch Shell plc က တိုက်ရိုက်သော်လည်းကောင်း၊ သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ထိန်းချုပ်ခွင့်ရှိနေသည့်ကုမ္ဏီများကို ရည်ညွှန်းပါသည်။ Shell က ပူးတွဲထိန်းချုပ်ခွင့် ရရှိထားသည့်ကုမ္ဏီများကို ယေဘုယျအားဖြင့် "joint ventures" နှင့် "joint operations"ဟု ရည်ညွှန်းပြီး Shell က အရေးပါသည့်လွှမ်းမိုးမှုရှိ နေသော်လည်း ထိန်းချုပ်ခွင့်၊ သို့မဟုတ် ပူးတွဲထိန်းချုပ်ပိုင်ခွင့်မရှိသည့် ကုမ္ဏီများကိုတော့ "associates" ဟု ရည်ညွှန်းပါ သည်။ တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့်သူများ၏ အကျိုးအမြတ်အားလုံးကို ချန်လှပ်ထားပြီးနောက် လုပ်ငန်းအသစ်၊ ဖက်စပ်လုပ်ငန်း၊ သို့မဟုတ် ကုမ္ဏီတစ်ခုတွင် Shell က တိုက်ရိုက်၊ သို့မဟုတ် သွယ်ဝိုက်ထိန်းချုပ်ထားသည့် ပိုင်ရှင်အကျိုးအမြတ်ကို ဖော်ညွှန်းရာ၌ "Shell interest" ဟူသည့် ဝေါဟာရကို အဆင်ပြေသလို အသုံးပြုပါသည်။

ဤထုတ်ပြန်ချက်တွင် Royal Dutch Shell လက်အောက်ရှိ ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းများ၏ရလဒ်များနှင့် သက်ဆိုင်သည့် အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်များ ပါဝင်ပါသည်။ သမိုင်းကြောင်းဆိုင်ရာအချက်အလက်များ မှအပ ကျန်ထုတ်ပြန်ချက်အားလုံးသည် အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ချက်များဖြစ်သည်၊ သို့မဟုတ် ယူဆနိုင်ပါသည်။ အနာဂတ်မျှော်မှန်းချက် ဆိုင်ရာ ထုတ်ပြန်ချက်များသည် စီမံခန့်အုပ်ချုပ်မှုအဖွဲ့၏ လက်ရှိမျှော်မှန်းချက်များနှင့် ယူဆချက်များအပေါ်တွင် အခြေပြုထားသည့် အနာဂတ်ခန့်မှန်းချက်ဆိုင်ရာထုတ်ပြန်ချက်များဖြစ်သည်။ ထို့အပြင် ဤထုတ်ပြန်ချက်များတွင် ဖော်ပြညွှန်းဆိုထားသည့် အကြောင်းအရာများနှင့် သိသိသာသာ မတူညီသည့် အမှန်တကယ်ဖြစ်ပေါ်လာနိုင်သည့်ရလဒ်များ၊ လုပ်ဆောင်ချက်များနှင့် အဖြစ်အပျက်များကို ဖြစ်ပေါ်စေနိုင်သော သိရှိပြီးသား စွန့်စားရမည့်အန္တရာယ်များနှင့် ကြိုတင်မသိနိုင်သော စွန့်စားရမည့်အန္တရာယ်များ၊ မသေချာမရေရာမှုများလည်း ပါဝင်ပါသည်။ အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ချက်များတွင် အခြားအကြောင်းအရာများအပြင်Royal Dutch Shell အနေဖြင့် ကြုံတွေ့ရနိုင်ဖွယ်ရှိသည့် ဈေးကွက်ဆိုင်ရာ စွန့်စားရမည့်ကိစ္စများနှင့် စီမံခန့်ခွဲမှုအဖွဲ့၏မျှော်မှန်းချက်များ၊ ယုံကြည်ချက်များ၊ ထင်မြင်ချက်များ၊ ကြိုတင်ခန့်မှန်းချက်များနှင့် ယူဆချက်များလည်း ပါဝင်ပါသည်။ အဆိုပါအနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ချက်များကို "ကြိုတင်မျှော်မှန်းသည်" ၊ "ယုံကြည်သည်" ၊ "ဖြစ်နိုင်သည်" ၊ "ခန့်မှန်းသည်" ၊ "မျှော်လင့်သည်" ၊ "ပန်းတိုင်များ" ၊ "ရည်ရွယ်သည်" ၊ "ဖြစ်နိုင်ဖွယ်ရှိသည်" ၊ "ရည်မှန်းချက်များ" ၊ "အလားအလာ" ၊ "စီမံချက်" ၊ "ဖြစ်နိုင်ဖွယ်" ၊ "စီမံကိန်း" ၊ "စွန့်စားရမည့်ကိစ္စများ" ၊ "လုပ်ငန်းစဉ်" ၊ "ကြိုးပမ်းသည်" ၊ "ဖြစ်သင့်/လုပ်သင့်သည်" ၊ "ပစ်မှတ်" ၊"ဖြစ်လိမ့်မည်" စသည့် စကားလုံးအသုံးအနှုန်းများအပြင် အလားတူ ဝေါဟာရအသုံးအနှုန်းများဖြင့် သတ်မှတ်ဖော်ပြထားပါသည်။ Royal Dutch Shell ၏ အနာဂတ်လုပ်ငန်းစဉ်များအပေါ် အကျိုးသက်ရောက်နိုင်ဖွယ်ရှိပြီး အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသော အကြောင်းအရာများနှင့် သိသိသာသာ ကွဲပြားခြားနားသည့် ရလဒ်များကိုဖြစ်ပေါ်စေနိုင်သော အကြောင်းအရင်းများလည်း ယခုထုတ်ပြန်ချက်တွင် ပါဝင်ပါသည်။ အဆိုပါအကြောင်းအရင်းများတွင် (ကန့်သတ်ချက်မရှိ) (၁) ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းအတက်အကျ၊ (၂) Shell ထုတ်ကုန်များ၏ ဝယ်လိုအားတွင် ဖြစ်ပေါ်သော အပြောင်းအလဲများ၊ (၃)

ငွေကြေးတန်ဖိုးအတက်အကျ၊ (၄) တူးဖော်မှုနှင့် ထုတ်လုပ်မှုရလဒ်များ၊ (၅) အရန်စွမ်းအင်အရင်းအမြစ်ခန့်မှန်းချက်များ၊ (၆) စျေးကွက်ဝေစုဆုံးရှုံးမှုနှင့် လုပ်ငန်းယှဉ်ပြိုင်မှု (၇) သဘာဝပတ်ဝန်းကျင်နှင့် ရုပ်ပိုင်းဆိုင်ရာ စွန့်စားရမည့်အန္တရာယ်များ၊ (၈) သင့်လျော်မှုရှိပြီး ရယူပိုင်ဆိုင်နိုင်ရန် အလားအလာရှိသော အိမ်ရာမြေပိုင်ဆိုင်မှုများနှင့် ပစ်မှတ်များ၏ နောက်ခံသမိုင်းကြောင်းကိုဖော်ထုတ်ခြင်းနှင့် ထိုကဲ့သို့သော အရောင်းအဝယ်လုပ်ငန်းကိစ္စများကို အောင်မြင်စွာညှိနှိုင်းပြီး အပြီးသတ်ဆောင်ရွက်ခြင်း စသည့်ကိစ္စရပ်များနှင့် ဆက်နွယ်လျက်ရှိသော စွန့်စားရမည့်အန္တရာယ်များ၊ (၉) ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နိုင်ငံတကာက အရေးယူပိတ်ဆို့ထားခြင်း ခံနေရသည့်နိုင်ငံများတွင် လုပ်ငန်းလုပ်ကိုင်ခြင်း၏ စွန့်စားရမည့်အန္တရာယ်များ၊ (၁၀) စည်းမျဉ်းစည်းကမ်းဆိုင်ရာ တိုင်းတာသတ်မှတ်ချက်များ အပါအဝင် ရာသီဥတုပြောင်းလဲမှုနဲ့ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်သည့် ဥပဒေ ဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် စည်းမျဉ်းထိန်းသိမ်းရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ၊ (၁၁) အမျိုးမျိုးသော နိုင်ငံများနှင့်ဒေသများရှိ စီပွားရေးနှင့်ဘဏ္ဍာရေးစျေးကွက်ဆိုင်ရာအခြေအနေများ၊ (၁၂) အစိုးရအဖွဲ့အစည်းများနှင့် ချုပ်ဆိုထား သည့် စာချုပ်များတွင်ပါဝင်သော သဘောတူသတ်မှတ်ချက်များအား ပြန်လည်ညှိနှိုင်းခြင်းနှင့် မြေယာသိမ်းယူမှုဆိုင်ရာ စွန့်စားရမည့်ကိစ္စများ၊ စီမံကိန်းတွင် အတည်ပြုထားသည့် သဘောတူညီချက်များအပိုင်းတွင် နှောင့်နှေးကြန့်ကြာမှုများ၊ သို့မဟုတ် တိုးတက်မှုများ၊ နှစ်ဦးနှစ်ဖက်မျှဝေကုန်ကျစရိတ်များ ပြန်လည်ထုတ်ပေးရာတွင် နှောင့်နှေးကြန့်ကြာမှုများ စသည့် အချက်များအပါအဝင် နိုင်ငံရေးဆိုင်ရာ စွန့်စားရမည့်အန္တရာယ်များနှင့် ကုန်သွယ်ရေးဆိုင်ရာအခြေအနေအပြောင်းအလဲများ စသည့် အကြောင်းအရင်းများ ပါဝင်ပါသည်။ ဤထုတ်ပြန်ချက်တွင်ပါဝင်သော အနာဂတ်မျှော်မှန်းချက်ဆိုင်ရာထုတ်ပြန်ချက်အားလုံးသည် ဒီကဏ္ဍတွင် ပါဝင်ညွှန်းဆိုထားသည့် သတိပြုရန်အချက်များအရ သေချာတိကျပြည့်စုံမှုရှိပါသည်။ ဖတ်ရှုသူများအနေဖြင့် အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ချက်များအပေါ် ဖော်ပြထားသည်ထက်လွန်ကဲစွာ မှီခိုအားထားခြင်းမပြုသင့်ပါ။ အနာဂတ်ရလဒ်များအပေါ် အကျိုးသက်ရောက်နိုင်ဖွယ်ရှိသည့် နောက်ထပ် စွန့်စားရမည့်အကြောင်းအရင်းများသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင်အဆုံးသတ်သည့်နှစ်အတွက် ထုတ်ပြန်ထားသည့် Royal Dutch Shell ၏ 20-F ပုံစံတွင် ပါဝင်ပါသည် (www.shell.com/investor and www.sec.gov တွင် ဖတ်ရှုနိုင်ပါသည်)။ အဆိုပါနောက်ထပ်စွန့်စားရမည့် အကြောင်းအရင်းများကလည်း ဤသတင်းထုတ်ပြန်ချက်တွင်ပါဝင်သည့် အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ကြေညာချက် အားလုံး၏ တိကျသေချာမှုကို အတည်ပြုပေးပြီး ဖတ်ရှုသူများအနေဖြင့် အဆိုပါအကြောင်းအရင်းများကို ထည့်သွင်းစဉ်းစား သင့်ပါသည်။ အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ကြေငြာချက်တစ်ခုစီတိုင်းသည် ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့အထိ သာအကျုံးဝင်ပါသည်။ မည်သည့်အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်များကိုမဆို သတင်းအချက်အလက်အသစ်များ၊ အနာဂတ်အဖြစ်အပျက်များ၊ သို့မဟုတ် အခြားသတင်းအချက်အလက်များ သဘောမျိုးဖြင့် မွမ်းမံပြင်ဆင်ပြီး ပြည်သူလူထုအားထုတ်ပြန်ခြင်းကို Royal Dutch Shell plc ၊ သို့မဟုတ် Royal Dutch Shell plc ၏ အခြား မည်သည့် လက်အောက်ခံကုမ္ပဏီကမှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။ အဆိုပါစွန့်စားမည့်ကိစ္စများအရ ထွက်ပေါ်လာမည့် ရလဒ်များသည် ဤသတင်းထုတ်ပြန်ချက်တွင်ပါဝင်သော အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်များမှ ဖော်ပြညွှန်းဆိုချက်များနှင့် သိသိသာသာကွဲပြားနိုင် ပါသည်။

ဤထုတ်ပြန်ချက်တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SEC)အား အမှုတွဲများတင်သွင်းရာတွင် ထည့်သွင်းခြင်းမပြုရန် အမေရိကန်ပြည်ထောင်စု ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SEC)က တင်းကျပ်စွာတားမြစ်ထားသည့် အရင်းအမြစ်များ(resources) ကဲ့သို့သော ဝေါဟာရများကို ကျွန်ုပ်တို့အနေဖြင့် သုံးစွဲထားမိသည်မျိုးဖြစ်နိုင်ပါသည်။ SEC website www.sec.gov တွင်ရရှိနိုင်သည့် Form 20-F, File No 1-32575 တွင် ဖော်ပြထားသည့်အချက်များကို ရင်းနှီးမြှုပ်နှံသူများအနေဖြင့် သေသေချာချာ ထည့်သွင်းစဉ်စားသင့်ကြောင်း တိုက်တွန်းလိုပါသည်။ အဆိုပါ Form များကို 1-800-SEC-0330 သို့ခေါ်ဆိုပြီး SEC ထံမှ ရယူနိုင်ပါသည်။